# တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်(သို့) တိုင်းရင်းဆေးဝါးမှတ်ပုံတင် (မူရင်း)များ (ပျောက်ဆုံး/ပျက်စီး)ပါက ထပ်မံထုတ်ပေးရန်လျှောက်ထားခြင်း

တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် (သို့မဟုတ်) တိုင်းရင်းဆေးဝါး မှတ်ပုံတင်(မူရင်း)များ (ပျောက်ဆုံး/ပျက်စီး) ပါက ထပ်မံထုတ်ပေးရန် လျှောက်ထားရာတွင် ပိုင်ရှင်ကိုယ်တိုင် လျှောက်လွှာ နှင့် အတူ အောက်ပါအချက်များ ပူးတွဲပါရှိရန် လိုအပ်ပါသည်။

၁။ ပျောက်ဆုံး (လိုင်စင်/မှတ်ပုံတင်) ကတ်ပြားမိတ္တူပေါ်တွင် သက်ဆိုင်မြို့နယ်၊ ခရိုင်၊ တိုင်းဒေသ ကြီး/ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ တစ်ခုခုမှ မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက် ပါရှိရမည်။

၂။ ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ(မူရင်း)

၃။ သက်ဆိုင်ရာရဲစခန်းတွင် တိုင်ကြားရက်စွဲ၊ အမှုဖွင့်တိုင်ကြားချက်မှတ်တမ်း စာရင်းသွင်းထားပြီး ရဲစခန်းထောက်ခံချက်တွင်အတည်ပြု လက်မှတ်ရေးထိုးပေးသော ရဲအရာရှိအမည်၊ ရာထူးများ ပြည့်စုံစွာ ပါရှိသော ထောက်ခံစာ(မူရင်း)

၄။ လျှောက်ထားသူပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၅။ မြို့နယ်၊ခရိုင်၊တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများ၏ ထောက်ခံချက်(မူရင်း)များ

၆။ သတင်းစာတွင်ကြေငြာခဲ့ဘူးပါက ပျောက်ဆုံးကြောင်းကြော်ငြာခဲ့သော သတင်းစာမိတ္တူ

၇။ မှတ်ပုံတင်ပျောက်ဆုံးပါက လျှောက်ထားလိုသော ဆေးဝါးမှတ်ပုံတင်တံဆိပ် (၂)စုံ (ယခင်ဆေးဝါး မှတ်ပုံတင်ခွင့်ပြုခဲ့စဉ်က တံဆိပ်အတိုင်းဖြစ်ရပါမည်။ ပြင်ဆင်ပြောင်းလဲထားသော တံဆိပ်မဖြစ် စေရပါ)

၈။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတွင် မိတ္တူမှန်ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ တစ်ခုခု၏ ထောက်ခံချက် (မူရင်း)